ရခိုင်ပြည်အမျိုးသားကောင်စီ
Arakan National Council
Head Office, Email: anc.hq1@gmail.com

# ၂၃၀-နှစ်မြောက် ရခိုင့်အချုပ်အခြာကျဆုံးသည့်နေ့ ထုတ်ပြန်ကြေငြာချက်

၃ / ၂၀၁၄

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့သည် ကျွန်ုပ်တို့ ရခိုင်ပြည်လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး သူ့ကျွန်ဘဝ ကျရောက်သည့် အနှစ် (၂၃၀)ပြည့်မြောက်သည့် နေ့ဖြစ်သည်။ ဤနေ့ ဤရက်ရောက်တိုင်း မိမိတို့၏ အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့် ရခိုင်ဘုရင့်နိုင်ငံဘဝကို အမြဲသတိရကြ၊ တမ်းတကြသည်။ အရေးကြီးသည်က အနာဂါတ်မှာ အမျိုးသားဘဝ လုံခြုံတည်တံ့ရှင်သန်ရေးကို မည်သို့ကြံဆောင်မည်၊ လုပ်ဆောင်မည် ဆိုသည်ကို လည်း နည်းလမ်းရှာရန် လိုအပ်ပါသည်။

တိုင်းပြည်နှင့်အမျိုးသားဘဝ လုံခြုံရေးတို့အတွက် အမျိုးသားတန်းတူရေး၊ ကိုယ့်ကြမ္မာ ကိုယ်ဆုံးဖြတ်ဖန်တီး နိုင်ရေးသည် အဓိက မဟာဗျူဟာသော့ချက် ပြဿနာဖြစ်ပါသည်။ ဤမဟာဗျူဟာကို ရောက်ရှိရန်အတွက် အမျိုးသားညီညွတ်ရေးဆိုသည့် နည်းဗျူဟာကို သံသယကင်းရှင်းစွာ၊ ယုံကြည်ချက် ခိုင်မာစွာဖြင့် တည်ဆောက် ကြရပါမည်။

ယနေ့တွင် တဖက်မှာမြေပျောက်ပြီး ကျန်တဖက်မှာ လူမျိုးပျောက်သည့်ကိန်း ဆိုက်ရောက်နေသော ရခိုင့်လူ့အဖွဲ့ အစည်းအတွက် အမှန်ပင် မဟာဗျူဟာမြောက် ခြိမ်းခြောက်ခံနေရသည့် အနေအထားပင် ဖြစ်ပါသည်။ ရခိုင်ပြည်သူအပေါင်း ကြီးစွာသတိမူရမည့်အချက်လည်း ဖြစ်ပေသည်။ အနာဂါတ်အာမခံချက်မရှိသောဘဝသို့ ကျရောက်နေကြရသည့် လူမျိုးတမျိုးအနေဖြင့် ကျစ်လစ်ခိုင်မာသော အမျိုးသားညီညွတ်ရေးသည်သာ အနာဂါတ် ကို အာမခံသည့် ကိုယ့်ကြမ္မာကိုယ်ဆုံးဖြတ်ဖန်တီးခွင့်ကို အရတည်ဆောက်နိုင်မည် ဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ပြည်နှင့်ရခိုင်လူမျိုး လုံခြုံတည်တံ့ရေးသည် ရခိုင်အမျိုးသားညီညွတ်ရေးတွင် အဓိက တည်နေ ပါသည်။ သို့ဆိုလျှင် ဤညီညွတ်ရေးကို ဖြူစင်သော အမျိုးသားနှင့်တိုင်းပြည်ကိုချစ်စိတ်ဖြင့် တည်ဆောက်ကြ ရပါမည်။ ယင်းကြောင့် မိမိတို့ အမျိုးသားအချင်းချင်း၊ အင်အားစုအချင်းချင်း၊ မျိုးချစ်ပြည်ချစ်အဖွဲ့အစည်းအချင်းချင်း ဘုံအမျိုးသားလုံခြုံရေးအတွက် တိုင်းပြည်လုံခြုံတည်တံ့ရေးအတွက် တညီတညွတ်တည်း လက်တွဲဆောင်ရွက်ကြ ပါစို့ဟု ဖိတ်ခေါ်ယင်း- ယနေ့ ကိုလိုနီကျွန်ဘဝကို ကျရောက်သော (၂၃၀)နှစ်မြောက်နေ့တွင် အလေးအနက် လှုံ့ဆော်တိုက်တွန်းအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ရခိုင်ပြည်အမျိုးသားကောင်စီ (ANC)

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်

ဆက်သွယ်ရန်ဖုန်း - +၆၆ (၀) ၉၁၈ ၈၂၉ ၈၄၃ ၊ +၆၆ (၀)၈၁၆ ၈၀၈ ၉၃၄ ၊ +၉၅ (၀)၉၃၁၂၆၂၇၉၈